# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ

# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
# ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ

[ ၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃ ]

## နိဒါန်း

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်း အတည်ပြုပြဋ္ဌာန်းချက်များအနက်မှ ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ( ၁ )

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်—

(က) ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်း ဆိုသည်မှာ ဝိနည်း တရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းကိစ္စများကို ဆိုသည်၊

(ခ) အဓိကရုဏ်း ဆိုသည်မှာ သမထ ၇-ပါးတို့ဖြင့် ငြိမ်းစေအပ်သော ဝိဝါဒါဓိကရုဏ်း၊ အနုဝါဒါဓိကရုဏ်း၊ အာပတ္တာဓိကရုဏ်း၊ ကိစ္စာဓိကရုဏ်း ၄-မျိုးကို ဆိုသည်၊

(၁) သမထ ဆိုသည်မှာ နောက်ဆက်တွဲ (က)၌ ဖော်ပြထားသော အဓိကရုဏ်း အေးငြိမ်းစေကြောင်း တရား ၇-ပါးကို ဆိုသည်၊

(၂) ဝိဝါဒါဓိကရုဏ်း ဆိုသည်မှာ နောက်ဆက်တွဲ (ခ)၌ ဖော်ပြထားသော အငြင်းပွါးမှု တစ်ဆယ့်ရှစ်မျိုးကို ဆိုသည်၊

(၃) အနုဝါဒါဓိကရုဏ်း ဆိုသည်မှာ နောက်ဆက်တွဲ (ဂ) ၌ ဖော်ပြသားသော စွပ်စွဲမှု ၄ မျိုးကို ဆိုသည်၊

(၄) အာပတ္တာဓိကရုဏ်း ဆိုသည်မှာ နောက်ဆက်တွဲ (ဃ) ၌ ဖော်ပြထားသော အာပတ် ၇-မျိုး တို့တွင် တမျိုးမျိုးသော အာပတ်သင့်ခြင်းကို ဆိုသည်၊

(၅) ကိစ္စာဓိကရုဏ်း ဆိုသည်မှာ နောက်ဆက်တွဲ (င) ၌ ဖော်ပြထားသော သံဃာ့အမှုကိစ္စ ၄-မျိုး ဆောင်ရွက်ခြင်းကို ဆိုသည်၊

(ဂ) သံဃဝိနိစ္ဆယအဖွဲ့ ဆိုသည်မှာ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုလမှုခင်းကို ဖြစ်စေ၊ အယူခံစောဒနာမှုခင်းကိုဖြစ်စေ ကြားနာစစ်ဆေး ဆုံးဖြတ်ရန် ဖွဲ့စည်းထားသော ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သည့် အဖွဲ့ကို ဆိုသည်၊

(ဃ) ဝိနည်းဓိုရ် ဆိုသည်မှာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရန် သံဃာတော်များက သမ္မုတိပေးသော ရဟန်းတော်ကို ဆိုသည်၊

(င) စောဒက ဆိုသည်မှာ ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်းနှင့် စပ်လျဉ်းသော တဘက် စုဒိတက၏ အပြစ်ကို ထင်စွာဖော်ပြ၍ အဆုံးအဖြတ် ရယူလိုသော တရားလို ပုဂ္ဂိုလ်ကို ဆိုသည်၊

(စ) စုဒိတက ဆိုသည်မှာ ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်းနှင့် စပ်လျဉ်း၍ အပြစ်ရှိသည်ဟု အစွပ်စွဲ ခံရသော တရားပြိုင် ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဆ) သာသနာရေးဆိုင်ရာ ပစ္စည်း ဆိုသည်မှာ အောက်ဖော်ပြပါ ပစ္စည်းများကို ဆိုသည်—

(၁) သက်ဆိုင်ရာ ဥပဒေနှင့်အညီ အာဏာပိုင် တရပ်ရပ်က သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေး နှစ်ပေါင်းများစွာက သီသာ ထင်ရှားစွာ အများကလက်ခံထားသည့်သာသနာ့မြေ၊

(၃) သာသနာ့ မြေပေါ်တွင် ဆောက်လုပ် လှူဒါန်းထား သော သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် စသော အဆောက်အအုံများ၊

(၄) ရဟန်း သံဃာအား လှူဒါန်းထားသော ရဟန်း သံဃာနှင့်အပ်စပ်သည့် အသုံးအဆောင်ပစ္စည်းများ၊

(၅) စေတီတော်အား လည်းကောင်း၊ ကျောင်းအား လည်းကောင်း၊ ကျောင်းတိုက် အား လည်းကောင်း၊ နဝကမ္မအား လည်းကောင်း လှူဒါန်းထားသော ရတနာ၊ ရွှေ၊ ငွေ၊ ကြေးနှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများ၊

(ဇ) ကျောင်း ဆိုသည်မှာ ရဟန်းသံဃာပိုင်ဆိုင်၍ သီတင်းသုံး နေထိုင်သော အဆောက်အအုံကို ဆိုသည်၊

(ဈ) ကျောင်းတိုက် ဆိုသည်မှာ အာရာမ် အပိုင်းအခြား ထခု အတွင်းရှိ ကျောင်းအစုအဝေးကို ဆိုသည်၊

(ည) လုပ်ထုံးလုပ်နည်းများ ဆိုသည်မှာ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းသော ဝိနည်းမှုကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ဆိုသည်။

# အခန်း ( ၂ )

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးခြင်း

၃။ ဝိနည်းဓမ္မကံအဓိကရုဏ်း မှုလမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာမှုခင်း ကိုဖြစ်စေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့ များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေး ဆုံးဖြတ်ရမည်။

၄။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် လာရောက် အမှုဆိုင်ရန် ပျက်ကွက်သော စောဒကကိုသော်လည်းကောင်း၊ စုဒိတကကိုသော်လည်းကောင်း ခေါ်ယူပေးရန် သံဃဝိနိစ္ဆယ အဖွဲ့က အကြောင်းကြားလာပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း သို့မဟုတ် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ထိုသို့ပျက်ကွက်သော စောဒက သို့မဟုတ် စုဒိတက လာရောက်အမှုဆိုင်ရန် အကြောင်းကြားစာ ထုတ်ဆင့်ပေးရမည်။

## အခန်း ( ၃ )

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းစစ်ဆေးနေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၅။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းသည် သိမ်၊ ကျောင်း၊ ဇရပ် စသော အဆောက်အအုံတခုခုကို ပိုင်ဆိုင် လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ၊ ထိုအဆောက်အအုံများတည်ရှိရာ ကျောင်းတိုက်တခုလုံးကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ ယင်းအဆောက်အအုံနှင့် ကျောင်းတိုက်ရှိ ပုဂ္ဂိုလ်အားလုံးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တဦးဦးကိုသော်လည်းကောင်း ဖယ်ရှားရန်လိုအပ်လျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရမည်။

၆။ ပုဒ်မ ၅ အရ လိုအပ်၍ ပုဂ္ဂိုလ်အားလုံးကို ဖယ်ရှားရလျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သင့်လျော်သည့် အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တဦးဦးကိုဖြစ်စေ ယင်း အဆောက်အအုံ သို့မဟုတ် ကျောင်းတိုက်ကို အမှုမပြီးမီ ထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ပေးအပ်နိုင်သည်။

၇။ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် နှစ်ဘက်အမှုသည်များရှေ့မှောက်တွင် စာရင်းပြုစု၍ ယင်း ပစ္စည်းများကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

# အခန်း ( ၄ )

## သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း

၈။ စောဒက သို့မဟုတ် စုဒိတက တဦးဦးက အယူခံစောဒနာဝင်လွှာ တင်သွင်းခြင်း မရှိလျှင် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော အယူခံစောဒနာဝင်ရက် ကုန်ဆုံးပြီးနောက် သော်လည်းကောင်း၊ အယူခံစောဒနာဝင်ခဲ့လျှင် အယူခံမှုပြတ်စဲပြီးနောက်သော်လည်းကောင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည်။

## အခန်း ( ၅ )

## အထွေထွေ

၉။ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် စိမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ပေးရမည်။

၁၀။ ဤ ဥပဒေ အာဏာမတည်မီက ငြိမ်းပြီးသော အစိကရုဏ်းမှုခင်းများကို မည်သည့် သံဃဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေးဆုံးဖြတ်ခြင်း မပြုရ။

၁၁။ ဤ ဥပဒေ အာဏာတည်သည့်နေ့တွင် မပြီးမပြတ်ရှိနေသော ဝိနည်းဓမ္မကံ အစိကရုဏ်းမှုခင်းများကို လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ပိုင်ခွင့် အပ်နှင်းထားသော သက်ဆိုင်ရာအဖွဲ့အစည်းများက ဆက်လက် ဆောင်ရွက်ရမည်။

၁၂။ ဝိနည်းဓမ္မကံ အစိကရုဏ်းမှုခင်းများကို မည်သည့် တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့် မရှိစေရ။

၁၃။ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်သည်။

နောက်ဆက်တွဲ (က)

## အဓိကရုဏ်း အေးငြိမ်းစေကြောင်း သမထတရား ၇ ပါး

(၁) သမ္မုခါဝိနည်း = သံဃာ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂိုလ်တို့၏ မျက်မှောက်၌ ငြိမ်းအေးစေကြောင်း ဝိနည်းတရား။

(၂) သတိဝိနည်း = သတိပြည့်စုံပြန့်ပြောသော ရဟန္တာအား ပေးအပ်သော ဝိနည်းတရား။

(၃) အမူဠ္ဟဝိနည်း = ဂဂ္ဂရဟန်းကဲ့သို့ အလွန်တွေဝေ ရူးသွပ်သောရဟန်းအား ပေးအပ်သော ဝိနည်းတရား။

(၄) ပဋိညာတကရဏဝိနည်း = ဝန်ခံသည့်အတိုင်း ပြုအပ်သော ဝိနည်းတရား။

(၅) ယေဘုယျသိကဝိနည်း = ဓမ္မဝါဒီပုဂ္ဂိုလ်များရာ စာရေးတံယူစေ၍ ပြုအပ်သော ဝိနည်းတရား။

(၆) တဿပါပိယသိကဝိနည်း = ထို ဥပဝါဠ ရဟန်းကဲ့သို့ ယုတ်မာသော ရဟန်းအား ပြုအပ်သောဝိနည်းတရား။

(၇) တိဏဝတ္ထာရကဝိနည်း = မစင်ကြယ်သော ဝတ္ထုတို့ကို ဖုံးလွှမ်းကြောင်းမြက်နှင့်တူသောဝိနည်းတရား။

(ဝိ၊ ၄။၁၈၈၊ ၂၁၀။ ထေရီ။ ၂၇၉။)

## ဝိဝါဒါဓိကရုဏ်း အငြင်းပွားမှု တစ်ဆယ့်ရှစ်မျိုး

(၁) မဟုတ်မမှန်သောတရား (အကုသလကမ္မပထ) ကို ဟုတ်မှန်သော တရား (ကုသလကမ္မပထ) ဟု အငြင်းပွားခြင်း။

(၂) ဟုတ်မှန်သော တရား ( ကုသလကမ္မပထ ) ကို မဟုတ်မမှန်သော တရား (အကုသလကမ္မပထ) ဟု အငြင်းပွားခြင်း။

(၃) ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု အငြင်းပွားခြင်း။

(၄) ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု အငြင်းပွားခြင်း။

(၅) မြတ်စွာဘုရား ဟောတော်မမူအပ်သော တရားကို မြတ်စွာဘုရား ဟောတော်မူအပ်သော တရားဟု အငြင်းပွားခြင်း။

(၆) မြတ်စွာဘုရား ဟောတော်မူအပ်သော တရားကို မြတ်စွာဘုရား ဟောတော်မမူအပ်သော တရားဟု အငြင်းပွားခြင်း။

(၇) မြတ်စွာဘုရား မလေ့ကျက် မပြုမူအပ်သည်ကို မြတ်စွာဘုရား လေ့ကျက် ပြုမူအပ်၏ဟု အငြင်းပွားခြင်း။

(၈) မြတ်စွာဘုရား လေ့ကျက် ပြုမူအပ်သည်ကို မြတ်စွာဘုရား မလေ့ကျက် မပြုမူအပ်ဟု အငြင်းပွားခြင်း။

(၉) မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု အငြင်းပွားခြင်း။

(၁၀) မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု အငြင်းပွားခြင်း။

(၁၁) အာပတ်မသင့်သည်ကို အာပတ်သင့်၏ဟု အပြင်းပွားခြင်း။

(၁၂) အာပတ်သင့်သည်ကို အာပတ်မသင့်ဟု အပြင်းပွားခြင်း။

(၁၃) ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော ပေါ့သော (လဟုက) အာပတ်ကို ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ကြီးလေးသော (ဂရုက) အာပတ်ဟု အပြင်းပွားခြင်း။

(၁၄) ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ကြီးလေးသော(ဂရုက) အာပတ်ကို ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော ပေါ့သော (လဟုက) အာပတ်ဟု အပြင်းပွားခြင်း။

(၁၅) သံဃာဒိသိသ် စသည့် အာပတ် ၆ ပုံ တည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ) အာပတ်ကို ပါရာဇိက အာပတ် တည်းဟူသော ရဟန်းသီလ အကြွင်း မရှိသော (အနဝသေသ) အာပတ်ဟု အပြင်းပွားခြင်း။

(၁၆) ပါရာဇိက အာပတ်တည်းဟူသော ရဟန်းသီလ အကြွင်းမရှိသော (အနဝသေသ) အာပတ်ကို သံဃာဒိသိသ် စသည့် အာပတ် ၆ ပုံ တည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ) အာပတ်ဟု အပြင်းပွားခြင်း။

(၁၇) ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ရှုန့်ရင်းသော (ဒုဋ္ဌုလ္လ) အာပတ်ကို ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော မရှုန့်ရင်းသော (အဒုဋ္ဌုလ္လ) အာပတ်ဟု အပြင်းပွားခြင်း။

(၁၈) ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော မရှုန့်ရင်းသော (အဒုဋ္ဌုလ္လ) အာပတ်ကို ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ရှုန့်ရင်းသော (ဒုဋ္ဌုလ္လ) အာပတ်ဟု အပြင်းပွားခြင်း။

(ဝိ၊၃။၅၀၁။ ဝိ၊ဋ္ဌ၊၄။၁၁၃။ သာရတ္ထ၊၃။၄၂၁။ ဝိမတိ၊၂။၂၅၇။)

## အနုဝါဒါဓိကရုဏ်း စွပ်စွဲမှု ၄ မျိုး

(၁) ပါရာဇိက ၄ ပါး သံဃာဒိသိသ် တစ်ဆယ့်သုံးပါးတို့တွင် တပါး ပါးသော သီလပျက်စီးခြင်း (သီလဝိပတ္တိ)ဖြင့် စွပ်စွဲခြင်း။

(၂) ထုလ္လစ္စည်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသိတ်တို့တွင် တပါးပါး သော အကျင့်ပျက်စီးခြင်း (အာစာရဝိပတ္တိ)ဖြင့် စွပ်စွဲခြင်း။

(၃) မှန်သော အယူ ပျက်စီးခြင်းဟု ဆိုအပ်သော ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲခြင်း။

(၄) အသက်မွေးမှု ပျက်စီးခြင်းဟု ဆိုအပ်သော အာဇီဝဝိပတ္တိ ၆ ပါးတို့တွင် တပါးပါးဖြင့် စွပ်စွဲခြင်း။

## အာပတ္တိဒီပကကျမ်း အာပတ် ၇ မျိုး

(၁) ပါရာဇိကအာပတ် = ရဟန်းအဖြစ်ကို ဆုံးရှုံးစေနိုင်သော အပြစ်။

(၂) သံဃာဒိသိသ်အာပတ် = အစ၊ အလယ်၊ အဆုံး ၃ ပါးလုံး၌ သံဃာကို အလိုရှိအပ်သော အပြစ်။

(၃) ထုလ္လစ္စည်းအာပတ် = ကျန်အာပတ် ၅ ပုံတို့တွင် အရှန့်ရင်းဆုံးသော အပြစ်။

(၄) ပါစိတ်အာပတ် = ကုသိုလ်စိတ်ကို ကျဆုံးစေတတ်သော အပြစ်။

(၅) ပါဋိဒေသနီအာပတ် = "ဂါရယှံ့ အာဝုသော" စသည်ဖြင့် သီးခြား ဒေသနာ ကြားအပ်သော အပြစ်။

(၆) ဒုက္ကဋ်အာပတ် = မကောင်းသော ကိုယ်၊ နှုတ် အမှုအရာကြောင့် သင့်သော အပြစ်။

(၇) ဒုဗ္ဘာသီအာပတ် = မကောင်းသော နှုတ်အမှုအရာကြောင့် သင့်သော အပြစ်။

## ကိစ္စာဓိကရုဏ်း သံဃာ့အမှုကိစ္စ ၄ မျိုး

(၁) အပလောကနကံ = ညီညွတ်သော သံဃာ၏ အလိုအားဖြင့် ဆိုင်ရာ အကြောင်းကို ထုတ်ဖော်၍ "သံဃာတော်အား နှစ်သက်ပါ၏လော"ဟု ၃-ကြိမ် ပန်ကြား ပြုလုပ်အပ်သော အမှု။

(၂) ဉတ္တိကံ = ကမ္မဝါစာ မဖတ်ပဲ ဉတ်တကြိမ်ဖြင့်သာ ပြုလုပ် အပ်သောအမှု။

(၃) ဉတ္တိဒုတိယကံ = ဉတ်တကြိမ်၊ ကမ္မဝါစာတကြိမ်ဖြင့် ပြုလုပ်အပ် သောအမှု။

(၄) ဉတ္တိစတုတ္ထကံ = ဉတ်တကြိမ်၊ ကမ္မဝါစာ ၃-ကြိမ်တို့ဖြင့် ပြုလုပ် အပ်သောအမှု။